# မွန်ပြည်နယ်၏

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက်

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# (Citizen’s Budget)

မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥပဒေသျှာဗဉ် | ၁ |
| ၂ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင်ထုတ်ဝေလေ့ရှိသောစာစောင်များ | ၂ |
| ၃ | Citizen's Budget စာစောင်ဆိုတာဘာလဲ | ၃ |
| ၄ | ဘတ်ဂျက်ဆိုသည်မှာ၊ ဘဏ္ဍာရေးနှစ် (Fiscal Year-FY)ပြောင်းလဲခြင်း | ၄ |
| ၅ | ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)ရေးဆွဲရာတွင်ဖြစ်ပေါ်နိုင်သည့်ဘတ်ဂျက် အမျိုးအစား(၃)မျိုး | ၅ |
| ၆ | ဘဏ္ဍာရန်ပုံငွေအစီအစဉ် | ၆ |
| ၇ | ဘတ်ဂျက်စက်ဝန်း(Budget Cycle) | ၇ |
| ၈ | မူဝါဒအပေါ်အခြေခံ၍ ဘဏ္ဍာရေးမူဘောင်တည်ဆောက်ခြင်း | ၈ |
| ၉ | မွန်ပြည်နယ်၏ ၂၀၁၈ခုနှစ် ၊ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် အရအသုံး ခန့်မှန်းခြေများ | ၉ |
| ၁၀ | မွန်ပြည်နယ်၏ ၂၀၁၈ခုနှစ် ၊ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် အရအသုံး ခန့်မှန်းခြေစာရင်းများနှင့် ရငွေပါဝင်မှုရာခိုင်နှုန်း | ၁၀ |
| ၁၁ | မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ )လ အတွက် အခွန်အကောက်ရငွေလျာထားချက်နှင့် ပါဝင်မှုရာခိုင်နှုန်း | ၁၁ |
| ၁၂ | ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက်ခွဲဝေပေးသည့်အခွန်ဝေစုများနှင့် ထောက်ပံ့ငွေများ | ၁၂ |
| ၁၃ | ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၃ |
| ၁၄ | မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ )လ အတွက် ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများ၏ ရငွေပါဝင်မှု ရာခိုင်နှုန်း | ၁၄ |
| ၁၅ | မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် စုစုပေါင်း အသုံးစရိတ် ပေါ်တွင် ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း | ၁၅ |
| ၁၆ | လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး | ၁၆-၁၉ |
| ၁၇ | လျှပ်စစ်မီးရရှိရေး | ၂၀-၂၂ |
| ၁၈ | မြို့ပြဖွံ့ဖြိုးတိုးတက်ရေး | ၂၃ |
| ၁၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး | ၂၄-၂၅ |
| ၂၀ | စိုက်ပျိုးရေရရှိရေး နှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေး | ၂၆ |
| ၂၁ | အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေး | ၂၇ |
| ၂၂ | သဘာဝဘေးအန္တရာယ်ကာကွယ်ရေး | ၂၈ |
| ၂၃ | သောက်သုံးရေဖူလုံစွာရရှိရေး | ၂၉ |
| ၂၄ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃၀ |
| ၂၅ | တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့်စာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများဖြည့်ဆည်းပေးရေး | ၃၁ |
| ၂၆ | ဝန်ထမ်းအိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ | ၃၂ |

# ဥယျောဇဉ်

မွန်ပြည်နယ်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် မွန်ပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်အတူ ၂၀၁၈ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို မွန်ပြည်နယ်လွှတ်တော်သို့တင်သွင်းခဲ့ပြီး ၂၉-၃-၂၀၁၈ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ် ၃/၂၀၁၈ ဖြင့် အတည်ပြုခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

ဘဏ္ဍာရေးနှစ်ကို ၂၀၁၈-၂၀၁၉ခု၊ဘဏ္ဍာရေးနှစ်မှစတင်၍ အောက်တိုဘာလ(၁)ရက်မှ စက်တင်ဘာလ (၃၀)ရက်နေ့အထိ သတ်မှတ်၍ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။ သို့ပါ၍ ဘဏ္ဍာရေးနှစ်ဟောင်းနှင့် ဘဏ္ဍာရေးနှစ်သစ်ကြားကာလဖြစ်သည့် ၂၀၁၈ခုနှစ်၊ဧပြီလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ (၆)လတာကာလအတွက်ကို ဘတ်ဂျက်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ထိုကာလ၏ ရာသီဥတုအခြေအနေ၊ အစိုးရ၏မူဝါဒ၊ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးတည်၍ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ယခုထုတ်ပြန်သော စာစောင်သည် မွန်ပြည်နယ်၏ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအနေဖြင့် နိုင်ငံတကာ နည်းတူ ပြည်သူလူထုသို့ ချပြရမည့် ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာ (၈)စောင်အနက်မှ ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန်အတွက် ၂၀၁၈ ခုနှစ်၊မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေကို မွန်ပြည်နယ်အစိုးရအနေဖြင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ခွဲဝေသုံးစွဲမည်ကို ပြည်သူများသိရှိနိုင်စေရန် ရည်ရွယ်ပြီး ဤ **Citizen's Budget** စာစောင်ကို ထုတ်ဝေလိုက်ပါသည်။

သို့ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက်အနက်မှ ပထမအချက်ဖြစ်သည့် **"ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက် ပွားများလာအောင် ဆောင်ရွက်ရန်"** ဟူသည့် မူဝါဒနှင့်အညီ မွန်ပြည်နယ်အစိုးရအနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံအပ်ပါသည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

## ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်

(Pre-Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ

(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်

(Enacted Budget)

၄။ နိုင်ငံသားများအတွက် ဘတ်ဂျက်

(Citizen's Budget)

၅။ နှစ်အတွင်းအစီရင်ခံစာ (သုံးလပတ်အစီရင်ခံစာ)

(In-Year Report)

၆။ ခြောက်လပတ်အစီရင်ခံစာ

(Mid-Year Reviews)

၇။ နှစ်ပတ်လည် အစီရင်ခံစာ

(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ

(Audit Report)

ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန်ထုတ်ပြန်ရမည့် စာစောင်(၈)စောင်အနက် တစ်စောင်အပါအဝင်ဖြစ်သော နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen's Budget) စာစောင်ဖြစ်ပါသည်။ မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ဤစာစောင်ကို အများပြည်သူလေ့လာသိရှိနိုင်ရန်နှင့် မွန်ပြည်နယ်အစိုးရမှ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု အခြေအနေအား ပွင့်လင်းမြင်သာစွာ သိရှိစေရန် ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

Citizen's Budget စာစောင်ဆိုတာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင် ဖြစ်ပါသည်။



## ဘတ်ဂျက်ဆိုသည်မှာ

ဘတ်ဂျက်ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသည်ဖြင့်နိုင်ငံတော်အဖွဲ့အစည်းများ၏ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ငွေပမာဏဖြင့် လျာထားရေးဆွဲပြုစုဖော်ပြသည့်စာရင်း ဖြစ်ပါသည်။ တနည်းအားဖြင့် အစိုးရ၏ လာမည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မူဝါဒများကို အောင်မြင်စေရန်အတွက် လျာထားဆောင်ရွက်သည့် လုပ်ငန်းစဉ်များလည်းဖြစ်ပါသည်။

## ဘဏ္ဍာရေးနှစ် (Fiscal Year- FY) ပြောင်းလဲခြင်း

၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မတိုင်မီ ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ဖြစ်သော ဧပြီလ (၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိအစား အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိကို ပြောင်းလဲ သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇)အရ သဘောတူခဲ့ပြီး ၃၁-၁၀-၂၀၁၇ ရက်နေ့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိသို့ ပြောင်းလဲ ကျင့်သုံးရခြင်းရည်ရွယ်ချက်မှာ ဘဏ္ဍာရေးနှစ် စတင်သည့်ကာလသည် ခြောက်သွေ့သောကာလ ဖြစ်သည့်အပြင် ကာလရှည်ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှုမြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ကာလသည် အောက်တိုဘာလ(၁)ရက်နေ့တွင် စတင်သော ဘတ်ဂျက်အတွက် (၈)လကျော် တစ်ဆက်တည်းရှိခြင်းနှင့် (၃)လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာစေရန် ဖြစ်ပါသည်။

၃။ ဘဏ္ဍာရေးနှစ် ပြောင်းလဲသည့်အခါတွင်စနစ်ဟောင်းမှစနစ်သစ်သို့ကူးပြောင်းချိန်အတွင်း၌ ပထမပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်းအသွယ်သွယ်နှင့် ဖြေရှင်းဆောင်ရွက် နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလာဒ်များသာ စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ပါ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိဖြစ်ပါသည်။

# ရသုံးခန့်မှန်းခြေငွေစာရင်း(Budget )ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် ဘတ်ဂျက်အမျိုးအစား(၃)မျိုး

၁။ရငွေသည် သုံးငွေထက် များပါက ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Surplus Budget)




၂။သုံးငွေသည် ရငွေထက်များပါက လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget)




၃။ရငွေနှင့်သုံးငွေ ညီမျှပါ ကဘက်ညီ ရသုံးခန့်မှန်းခြေငွေစာရင်း (Balanced Budget)




မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ လိုငွေပြရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်သည်။

## ဘဏ္ဍာရန်ပုံငွေအစီအစဉ်

## ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ် Budget ခွဲခြားရေးဆွဲခြင်းကို

## ၁-၁၀-၂၀၁၁ ရက်နေ့မှ စတင် ကျင့်သုံးခဲ့ပါသည်






## ဘတ်ဂျက်စက်ဝန်း(Budget Cycle)



# မူဝါဒအပေါ်အခြေခံ၍ ဘဏ္ဍာရေးမူဘောင်တည်ဆောက်ခြင်း

## မေခရိုစီးပွားရေးညွှန်ကိန်းများပေါ် အခြေခံတွက်ချက်ခြင်း

- Real GDP တိုးတက်မှုနှုန်း
- Nominal GDP ပြောင်းလဲမှုနှုန်း
- ငွေကြေးဖောင်းပွမှုနှုန်း
- Nominal GDP  တန်ဖိုး
- နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း
- နိုင်ငံခြားငွေ ပြောင်းလဲမှုနှုန်း
- ငွေတိုက်စာချုပ် အတိုးနှုန်း (T-Bonds)
- ငွေတိုက်လက်မှတ် အတိုးနှုန်း (T-Bills)
- သွင်းကုန်တိုးတက်မှုနှုန်း
- (လိုငွေနှင့် GDP အချိုး ၅%)

ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက်ထောက်ပံ့ငွေပေးရာတွင် မူဝါဒကို အခြေခံ၍ ညွှန်ကိန်း(၆)ခုဖြင့် တွက်ချက်ကာ ထောက်ပံ့ပေးပါသည်။ အဆိုပါညွှန်ကိန်းများမှာ -

**(က) ဖွံ့ဖြိုးမှုလိုအပ်ချက်အတွက် (၃)ခု**

(၁) စုစုပေါင်းလူဦးရေ(Total Population)

(၂) ဆင်းရဲမှုညွှန်ကိန်း(Poverty Index)

(၃) မြေဧရိယာအကျယ်အဝန်း(Area)

**(ခ) ဘဏ္ဍာရေးအကန့်အသတ်အတွက် (၃)ခု**

(၁) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး (Urban Population as Percent of Total State Population)

(၂) တစ်ဦးကျအခွန်ကောက်ခံမှု (Per -Capita Tax Collection)

(၃) လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per -Capita GDP)

## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် အရအသုံးခန့်မှန်းခြေစာရင်းများ

| | | |
|---|---|---|
| မွန်ပြည်နယ်၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် | ၁၂၆၆.၇၅၅ ဘီလီယံ |
| မွန်ပြည်နယ်၏ GDP တိုးတက်မှုနှုန်း | | ၆.၆% |
| မွန်ပြည်နယ်၏စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် | ၇.၆၁၀ ဘီလီယံ |
| မွန်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် | ၄၃.၅၅၄ ဘီလီယံ |
| လိုငွေ | ကျပ် | ၃၅.၉၄၄ ဘီလီယံ |
| လိုငွေနှင့် GDP အချိုး | | ၂.၈% |
| အခွန်အကောက်ရငွေနှင့်အခွန်ဝေစု | ကျပ် | ၂.၃၂၂ ဘီလီယံ |
| အခွန်အကောက်ရငွေ၊ အခွန်ဝေစုနှင့် GDP အချိုး | | ၀.၁၈% |
| ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးခြင်း | ကျပ် | ၃၅.၉၄၄ ဘီလီယံ |

## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် အရအသုံးခန့်မှန်းခြေစာရင်းများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ငွေရပ် |
|---|---|---|
| ၁။ | အခွန်အကောက်ရငွေ | ၁၈၄၈.၃၅၁ |
| ၂။ | အခြားသာမန်ရငွေ | ၅၂၈၇.၈၅၅ |
| ၃။ | အခွန်ဝေစုရငွေ | ၄၇၃.၉၁၇ |
| ၄။ | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၃၅၉၄၃.၇၀၄ |
| | စုစုပေါင်းရငွေ | ၄၃၅၅၃.၈၂၇ |
| ၁။ | သာမန်အသုံးစရိတ် | ၁၃၃၁၃.၅၀၇ |
| ၂။ | ငွေလုံးငွေရင်းအသုံးစရိတ် | ၃၀၂၄၀.၃၂၀ |
| | စုစုပေါင်းသုံးငွေ | ၄၃၅၅၃.၈၂၇ |

## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ရငွေပါဝင်မှုရာခိုင်နှုန်း



## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် အခွန်အကောက်ရငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ကောက်ခံသည့်ဌာနအဖွဲ့အစည်း | ၂၀၁၈ (၆)လ မူလခန့်မှန်းခြေ |
|---|---|---|---|
| ၁။ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၅၉.၂၅၀ |
| ၂။ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၀၂.၂၄၈ |
| ၃။ | ရေခွန် | ပြည်နယ်အစိုးရအဖွဲ့ရုံး | ၀.၆၀၃ |
| ၄။ | တာတမံခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀.၃၆၃ |
| ၅။ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၁၉.၃၂၂ |
| ၆။ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၄၀.၂၅၀ |
| ၇။ | အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၄၈၃.၈၁၄ |
| ၈။ | ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့ | ၁၃၈.၆၄၅ |
| ၉။ | ဘီးခွန် | စည်ပင်သာယာရေးအဖွဲ့ | ၃.၈၅၆ |
| | စုစုပေါင်း | | ၁၈၄၈.၃၅၁ |

## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် အခွန်အကောက်ရငွေများပါဝင်မှုရာခိုင်နှုန်း



## ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေပေးသည့် အခွန်ဝေစုများ

(ကျပ်သန်းပေါင်း)

| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ် |
|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇(မူလခန့်မှန်းခြေ) | ၃၇၈.၇၃၄ |
| ၂။ | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၄၂၉၂.၀၇၂ |
| ၃။ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက်(မူလခန့်မှန်းခြေ) | ၄၇၃.၉၁၇ |

## ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက်ထောက်ပံ့ငွေများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ (မူလခန့်မှန်းခြေ) | ၂၀၁၆-၂၀၁၇ (မူလခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ (မူလခန့်မှန်းခြေ) | ၂၀၁၈ ခုနှစ်၊ (၆)လအတွက် (မူလခန့်မှန်းခြေ) |
|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၆၇၀၆၁.၄၀၉ | ၇၀၉၆၇.၀၀၀ | ၇၁၈၈၇.၄၀၇ | ၃၅၉၄၃.၇၀၄ |



# ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

မွန်ပြည်နယ်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒ (၁၂)ချက်ကို အထောက်အကူပြုစေရန်အတွက် မူဝါဒကိုအခြေခံပြီး ( Policy Based Budgeting ) မွန်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒ၊ ရာသီဥတုအခြေအနေ၊ လိုအပ်တဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လာမည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်နဲ့ပါ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ်အစိုးရအနေဖြင့် ရေးဆွဲထားပါသည်။



# မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများ၏ ရငွေပါဝင်မှုရာခိုင်နှုန်း ( ပြည်ထောင်စုမှထောက်ပံ့ငွေမပါ )

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်း | ရငွေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ၉၂၄.၅၂၀ | ၁၂.၁၅% |
| ၂ | ပြည်နယ်တရားလွှတ်တော် | ၁၁၆.၅၉၂ | ၁.၅၃% |
| ၃ | ပြည်နယ်ဥပဒေချုပ် | ၀.၁၅၂ | - |
| ၄ | ပြည်နယ်စာရင်းစစ်ချုပ် | ၀.၄၀၀ | ၀.၀၁% |
| ၅ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၂၀၉.၈၈၃ | ၁၅.၉၀% |
| ၆ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၃၇၅ | - |
| ၇ | မီးသတ်ဦးစီးဌာန | ၇.၅၀၀ | ၀.၁၀% |
| ၈ | စိုက်ပျိုးရေးဦးစီးဌာန | ၁၅.၉၂၉ | ၀.၂၁% |
| ၉ | ငါးလုပ်ငန်းဦးစီးဌာန | ၄၈၅.၃၁၅ | ၆.၃၈% |
| ၁၀ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁.၁၀၀ | ၀.၀၁% |
| ၁၁ | သမဝါယမဦးစီးဌာန | ၄.၀၂၀ | ၀.၀၅% |
| ၁၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၉၄၅ | ၀.၀၁% |
| ၁၃ | သစ်တောဦးစီးဌာန | ၈၆.၉၂၄ | ၁.၁၄% |
| ၁၄ | သတ္တုတွင်းဦးစီးဌာန | ၈.၀၀၀ | ၀.၁၁% |
| ၁၅ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၀.၀၀၀ | ၀.၁၃% |
| ၁၆ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၂၅.၅၆၆ | ၀.၃၄% |
| ၁၇ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၁၀၀ | - |
| ၁၈ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၉.၂၅၄ | ၀.၅၂% |
| ၁၉ | လမ်းဦးစီးဌာန | ၅.၉၉၀ | ၀.၀၈% |
| ၂၀ | စည်ပင်သာယာရေးအဖွဲ့များ | ၄၆၆၇.၅၅၈ | ၆၁.၃၃% |
| | **စုစုပေါင်း** | **၇၆၁၀.၁၂၃** | **၁၀၀.၀၀%** |

# မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်း | အသုံးစရိတ် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ၆၆၁၈.၃၇၅ | ၁၅.၂၀% |
| ၂ | ပြည်နယ်လွှတ်တော် | ၃၀၉.၉၅၆ | ၀.၇၁% |
| ၃ | ပြည်နယ်တရားလွှတ်တော် | ၂၉.၆၉၄ | ၀.၀၇% |
| ၄ | ပြည်နယ်ဥပဒေချုပ် | ၂၁၃.၆၅၄ | ၀.၄၉% |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ၃၇၃.၆၆၈ | ၀.၈၆% |
| ၆ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၇၈၂.၅၉၃ | ၄.၀၉% |
| ၇ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၈၄.၁၂၅ | ၀.၄၂% |
| ၈ | မီးသတ်ဦးစီးဌာန | ၁၁၅၇.၄၅၈ | ၂.၆၆% |
| ၉ | စိုက်ပျိုးရေးဦးစီးဌာန | ၇၈၆.၄၀၁ | ၁.၈၁% |
| ၁၀ | ငါးလုပ်ငန်းဦးစီးဌာန | ၁၁၇.၆၅၃ | ၀.၂၇% |
| ၁၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၂၂.၀၆၃ | ၀.၂၈% |
| ၁၂ | သမဝါယမဦးစီးဌာန | ၂၃၉.၈၃၆ | ၀.၅၅% |
| ၁၃ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၆၁.၆၆၄ | ၀.၁၄% |
| ၁၄ | သစ်တောဦးစီးဌာန | ၃၂၂.၄၁၁ | ၀.၇၄% |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၂၄၀.၁၁၆ | ၀.၅၅ % |
| ၁၆ | သတ္တုတွင်းဦးစီးဌာန | ၂၆.၀၀၄ | ၀.၀၆% |
| ၁၇ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၉၂၃.၆၀၆ | ၄.၄၂% |
| ၁၈ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၄၀၀.၈၂၃ | ၀.၉၂% |
| ၁၉ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၂၁၆.၂၁၈ | ၀.၅၀% |
| ၂၀ | ဗဟိုစာရင်းအင်းအဖွဲ့ | ၅၁.၉၄၈ | ၀.၁၂% |
| ၂၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၆၂.၇၇၆ | ၀.၁၄% |
| ၂၂ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၈၀.၅၆၄ | ၀.၄၁% |
| ၂၃ | လမ်းဦးစီးဌာန | ၁၃၄၉၄.၂၄၅ | ၃၀.၉၈% |
| ၂၄ | ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၁၀.၁၀၀ | ၀.၀၂% |
| ၂၅ | စည်ပင်သာယာရေးအဖွဲ့များ | ၁၄၆၂၇.၈၇၆ | ၃၃.၅၉% |
| | **စုစုပေါင်း** | **၄၃၅၅၃.၈၂၇** | **၁၀၀.၀၀%** |

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး
# ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
# စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | မော်လမြိုင်မြို့တွင် လမ်း(၄၁)လမ်းအား ကွန်ကရစ်လမ်းသစ်ခင်းရန်၊ ကတ္တရာလမ်းသစ်ခင်းရန်၊ ကတ္တရာထပ်ပိုးလွှာတင်ရန်၊ လမ်းသား တိုးချဲ့ရန်၊ ပျက်စီးနေသောအပိုင်းများအား ကတ္တရာထပ်ပိုးလွှာတင်ရန် နှင့် နိုင်လွန်ကတ္တရာခင်းရန် | ၂၈၂၄.၂၇၂ |
| ၂ | သထုံ | သထုံမြို့တွင် လမ်း(၁၄)လမ်းအား ကွန်ကရစ်လမ်းသစ်ခင်းရန် | ၄၃၄.၀၀၀ |
| ၃ | မုဒုံ | မုဒုံမြို့တွင် လမ်း(၃၇)လမ်းအား ကွန်ကရစ်ခင်းရန်၊ ကတ္တရာခင်းရန်၊ ကတ္တရာထပ်ပိုးလွှာခင်းရန်နှင့် နိုင်လွန်ကတ္တရာခင်းရန် | ၁၂၀၉.၄၉၀ |
| ၄ | ကျိုက်ထို | ကျိုက်ထိုမြို့တွင် လမ်း(၃၈)လမ်းအား ကတ္တရာလမ်းသစ်ခင်းရန်၊ ကတ္တရာထပ်ပိုးလွှာတင်ရန်နှင့် ကွန်ကရစ်ခင်းရန် | ၇၆၀.၈၀၀ |
| ၅ | သံဖြူဇရပ် | သံဖြူဇရပ်မြို့တွင် လမ်း(၁၅)လမ်းအား ကတ္တရာလမ်းသစ်ခင်းရန်၊ ကတ္တရာထပ်ပိုးလွှာတင်ရန်နှင့် ကွန်ကရစ်ခင်းရန် | ၃၂၂.၅၀၀ |
| ၆ | ရေး | ရေးမြို့တွင် လမ်း(၉)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်နှင့် ကတ္တရာလမ်းသစ်ခင်းရန် | ၁၃၇.၂၀၀ |
| ၇ | ကျိုက်မရော | ကျိုက်မရောမြို့တွင် လမ်း(၁၀)လမ်းအား ကွန်ကရစ်ခင်းရန်၊ ကတ္တရာခင်းရန်နှင့် ကျောက်ရောမြေဖြင့် လမ်းသားမြှင့်တင်ရန် | ၁၀၄.၈၆၁ |
| ၈ | ချောင်းဆုံ | ချောင်းဆုံမြို့တွင် လမ်း(၁၅)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ ကွန်ကရစ်ခင်းရန်နှင့် ကတ္တရာခင်းရန် | ၁၄၈.၈၂၀ |
| ၉ | ပေါင် | ပေါင်မြို့တွင် လမ်း(၂၀)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ ကတ္တရာလမ်းသစ်ခင်းရန်နှင့် ကွန်ကရစ်လမ်းများခင်းရန် | ၃၀၀.၂၇၀ |
| ၁၀ | ဘီးလင်း | ဘီးလင်းမြို့တွင် လမ်း(၂၀)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ ကတ္တရာလမ်းသစ်ခင်းရန်၊ ကွန်ကရစ်လမ်းသစ်ခင်းရန်နှင့် လမ်းပခုံး ပြုလုပ်ရန် | ၄၂၃.၀၆၆ |
| ၁၁ | လမိုင်း | လမိုင်းမြို့ရှိ ကျိုက်ကျဲဘုရားလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန် | ၁၃.၅၀၀ |
| | | **စုစုပေါင်း** | **၆၆၇၈.၇၇၉** |

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး
# ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
# စည်ပင်သာယာရေးအဖွဲ့မှကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | မော်လမြိုင်မြို့တွင် လမ်းဖြတ်တံတား (၁)စင်းနှင့် မြို့တွင်း Box Culvert များ တည်ဆောက်ရန် | ၅၇.၁၈၀ |
| ၂ | သထုံ | သထုံမြို့တွင် တံတား (၁၁)စင်း တည်ဆောက်ရန် | ၃၀.၀၀၀ |
| ၃ | မုဒုံ | မုဒုံမြို့တွင် Box Culvert (၁၇)စင်း တည်ဆောက်ရန် | ၃၅.၂၂၉ |
| ၄ | ကျိုက်ထို | ကျိုက်ထိုမြို့တွင် တံတား (၁၈)စင်း တည်ဆောက်ရန် | ၅၄.၅၀၀ |
| ၅ | သံဖြူဇရပ် | သံဖြူဇရပ်မြို့တွင် တံတား (၆)စင်း တည်ဆောက်ရန် | ၆၂.၀၀၀ |
| ၆ | ကျိုက်မရော | ကျိုက်မရောမြို့တွင် တံတား (၁၇)စင်း တည်ဆောက်ရန် | ၂၄.၉၈၄ |
| ၇ | ချောင်းဆုံ | ချောင်းဆုံမြို့တွင် တံတား (၄)စင်း တည်ဆောက်ရန် | ၁၁.၆၅၀ |
| ၈ | ဘီးလင်း | ဘီးလင်းမြို့တွင် တံတား (၁)စင်းနှင့် Box Culvert (၂၄)စင်း တည်ဆောက်ရန် | ၁၇၃.၀၀၀ |
| ၉ | ပေါင် | ပေါင်မြို့တွင် Box Culvert (၂)စင်း တည်ဆောက်ရန် | ၁.၈၇၀ |
| | | **စုစုပေါင်း** | **၄၅၀.၄၁၃** |

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ၂၀၁၈ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် လမ်းဦးစီးဌာနမှဆောင်ရွက်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | မော်လမြိုင်-မြို့ပတ်လမ်းတွင် တံတားအမှတ်(၂/၃)အား ဖျက်သိမ်း၍ တံတားအသစ် (၁)စင်းတည်ဆောက်ရန် | ၆၀.၀၀၀ |
| ၂ | သထုံ | (၁)သိမ်ဆိပ်-ဝီယော်-လေးကေလမ်းတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်၊ အုတ်စီရေမြောင်းပြုလုပ်ရန်၊ ကျောက်စီမြေကာနံရံပြုလုပ်ရန်၊ လမ်း အနိမ့်အပိုင်းများနှင့်တံတားအတက်အဆင်းများအားပြုပြင်ရန် | ၆၈၈.၄၀၀ |
| | | (၂)ဝါးခုတ်တော - ဖားပိုင်းကုန်းလမ်းတွင် ၈၂၀၀ ပေ အား ကျောက်ချောလမ်းခင်းရန် | ၁၇၈.၀၀၀ |
| | | (၃)ပေါ်တော်မူရွာတွင်းလမ်းတွင် ၀/၃ မိုင် ကွန်ကရစ်ခင်းရန် | ၈၄.၀၀၀ |
| ၃ | မုဒုံ | မုဒုံ - ချောင်းနှစ်ခွ - မဲသရော - လှိုင်ကွယ် (ကော့ကရိတ်လမ်း) တွင် ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ရန် | ၂၂၀.၀၀၀ |
| ၄ | ကျိုက်ထို | (၁)ကျိုက်ထိုမြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် မြေယာလျော်ကြေးငွေ ပေးချေရန်၊ မြေသားတာဘောင်ပြုလုပ်ရန်နှင့်သံကူကွန်ကရစ်တံတား (၃)စင်းတည်ဆောက်ရန် | ၁၀၀၁.၀၀၀ |
| | | (၂) ကျိုက်ထို-ကင်မွန်းစခန်းလမ်းတွင် တံတား(၃)စင်းအား ကျောက်စီ မြေကာနံရံပြုလုပ်၍ မြေဖို့ပေးရန်နှင့် Guard Rail ပြုလုပ် တပ်ဆင်ပေးရန် | ၁၇၇.၀၀၀ |
| | | (၃) ဘီးလင်း- ဇုတ်သုတ်- ဝင်းက- ယက္ကန်းသည်မ- ကျိုက်ထိုလမ်းတွင် တံတား (၂)စင်းအား ကျောက်စီကမ်းကပ်ခုံ RC တံတားအသစ် တည်ဆောက်ရန် | ၄၈.၀၀၀ |
| | | (၄) တောင်ငူ(အလယ်မြောင်)- ကျောက်ကြီး-စစ်တောင်း-သိမ်ဇရပ်လမ်း တွင် တံတားအမှတ် (၁/၄)အား သံကူကွန်ကရစ်တံတားအသစ် (၁)စင်း တည်ဆောက်ရန်၊ မြေသားတာဘောင်ချဲ့ရန်၊ တံတား အကျယ်ချဲ့ခင်းရန်နှင့် Box Culvert (၈)စင်းတည်ဆောက်ရန် | ၂၅၆.၀၀၀ |
| ၅ | သံဖြူဇရပ် | ဘုရားကြီး- မော်လမြိုင်- ထားဝယ် - မြိတ်- ဘုတ်ပြင်း- ကော့သောင်း လမ်းတွင်ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ရန်၊ ကျောက်စီရေမြောင်း ပြုလုပ်ရန်၊ တံတား(၁၁)စင်းတိုးချဲ့တည်ဆောက်ရန်နှင့် လိုအပ်သောနေရာ များတွင် မြေဖို့ခင်းကြိတ်ရန် | ၂၃၇၈.၀၀၀ |

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး
# ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက်
# လမ်းဦးစီးဌာနမှဆောက်လုပ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၆ | ရေး (လမိုင်း) | (၁)အောင်သပြေ-နှစ်ကရင် ကျေးရွာချင်းဆက်လမ်း (၄/၃)မိုင် မြေသားတာဘောင်ချဲ့ပေးရန်၊ လမ်းမြှင့်တင်ရန်၊ (၁/၄)မိုင်အား ကွန်ကရစ်လမ်းခင်းရန်နှင့် Box Culvert (၁၀)စင်းပြုလုပ်ရန် | ၁၀၀၀.၀၀၀ |
| | | (၂) ဘုရားကြီး- မော်လမြိုင်- ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း လမ်းတွင် ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာတင်ရန်နှင့် ကွန်ကရစ် လမ်းပုခုံးခင်းရန်၊ တံတား (၉)စင်းနှင့် Box Culvert (၆)စင်း အား အကျယ်ချဲ့ရန်။ | ၆၁၃.၂၃၀ |
| ၇ | ရေး (ခေါဇာ) | တံတား (၂)စင်း အား ကျောက်ကြီးစီမြေကာနံရံနှင့်တွဲလျက် Box Culvert (၁)ခုစီ တည်ဆောက်ရန်၊ ပိုက်ပြွန်တံတားဟောင်း (၂)စင်း အား သံကူကွန်ကရစ်တံတားတည်ဆောက်ရန်နှင့် တံတား အဝင် အထွက် ကတ္တရာလောင်းရန် | ၂၄၉.၉၀၀ |
| ၈ | ကျိုက်မရော | မုဒုံ- ချောင်းနှစ်ခွ- မဲသရော- လှိုင်ကွယ် (ကော့ကရိတ်လမ်း)တွင် ကတ္တရာလမ်းသစ်ခင်းရန်၊ ကျောက်လမ်းချဲ့ခင်းရန်၊ ကျောက်စီ ရေမြောင်းတည်ဆောက်ရန်နှင့် ကွန်ကရစ်လမ်းပခုံးခင်းရန် | ၁၇၅၀.၁၀၀ |
| ၉ | ချောင်းဆုံ | ကလို့ -ရွာလွတ် - ချောင်းဆုံ -နတ်မော်လမ်းတွင် ကတ္တရာလမ်းသစ် ခင်းရန် ၊ လမ်းချဲ့ရန် အုတ်စီရေမြောင်းပြုလုပ်ရန် နှင့် Box Culvert တည်ဆောက်ရန် | ၇၁.၇၀၀ |
| ၁၀ | ပေါင် | (၁) ကျွဲခြံ-အလုပ်လမ်းတွင် ၂/၀ မိုင်အား မြေသားတာဘောင်ချဲ့ရန် | ၁၉၆.၀၀၀ |
| | | (၂) ညောင်ကုန်းကြီး- ထန်းပင်ချောင်လေး- မြလေးချောင်- ရင်းငြိမ် လမ်းတွင် ၂/၀.၈၉ မိုင်အားကတ္တရာခင်းရန် | ၄၆၄.၃၀၀ |
| ၁၁ | ဘီးလင်း | (၁) ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းတွင် ပလက်ဖောင်းပြုလုပ်ရန် | ၂၀၂.၅၀၀ |
| | | (၂) နှင်းပုလဲ- ရွှေလှေ- လိပ်ခုံးလမ်းတွင် ကတ္တရာလမ်းချဲ့ရန်၊ ကွန်ကရစ် လမ်းပုခုံးပြုလုပ်ရန်၊ အုတ်စီရေမြောင်းပြုလုပ်ရန်၊ လမ်းသွယ်အဝင် လမ်းများအတွင်း ကွန်ကရစ် Slab ခင်းပေးရန်နှင့် ကွန်ကရစ် Parking ပြုလုပ်ရန် | ၉၉.၂၇၀ |
| | | (၃) ဘီးလင်း- ဇုတ်သုတ်- ဝင်းက- ယက္ကန်းသည်မ- ကျိုက်ထိုလမ်းတွင် လမ်းချဲ့ရန် ၊ ကျောက်စီမြေထိန်းနံရံပြုလုပ်ရန် ၊ ရေထုတ်ပြွန်အသစ် (၁၆) စင်း တည်ဆောက်ရန် ၊ တံတား (၂)စင်းအား ကျောက်စီ ကမ်းကပ်ခုံနှင့် RC တံတားတည်ဆောက်ရန် | ၁၇၅၉.၀၀၀ |
| | | **စုစုပေါင်း** | **၁၁၄၉၆.၄၀၀** |

## လျှပ်စစ်မီးရရှိရေး
## ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက်
## လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | (၁) မော်လမြိုင်မြို့တွင် ၄၀၀ဗို့ ဓာတ်အားလိုင်း ၁၂၀၀ပေ၊ ၁၅၀၀ပေ၊ ၁၀၀၀ ပေ၊ ၁၈၀၀ ပေ တို့ဖြင့် တိုးချဲ့ရန် ၊ SAC Cable ကွန်ကရစ်တိုင်များအသစ်တည်ဆောက်ရန်၊လမ်းမီးများတပ်ဆင်ရန်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ဝယ်ယူရန် | ၈၅.၁၈၆ |
| | | (၂) မော်လမြိုင်ခရိုင်အတွင်း၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများတွင် ချို့ယွင်းနေသောနေရာများအတွက်၁၁ကေဗွီ DOFများဝယ်ယူရန်၊ ဓာတ်အားလိုင်းထိန်း/ပြင်လုပ်ငန်းများဆောင်ရွက်ရာတွင်သုံးစွဲရန် အတွက် လိုအပ်သော Earthing Device များ ဝယ်ယူဆောင်ရွက်ရန် | ၁၁.၈၅၀ |
| | | (၃) မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် သစ်သား / သံလမ်းတိုင်များနေရာတွင်အစားထိုးလဲလှယ်ရန်အတွက် ကွန်ကရစ်တိုင်များဝယ်ယူရန်နှင့်သက်တမ်းကြာမြင့်သည့်ထရန်စဖော်မာများအား လဲလှယ်ရန်အတွက် ထရန်စဖော်မာများ ဝယ်ယူရန် | ၃၆၅.၀၀၀ |
| | | (၄) မော်လမြိုင်မြို့နယ်တွင် ဆွေးမြေ့ သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်မီကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြေးသီးများဖြင့်အစားထိုး လဲလှယ်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၂.၉၄၂ |
| ၂ | သထုံ | (၁) သထုံမြို့နယ်တွင် (၂၀၀) ကေဗွီအေ ထရန်စဖော်မာ ဝယ်ယူရန်နှင့် ဓာတ်အားလိုင်းများတွင် FPI များတပ်ဆင်ရန် | ၁၅.၂၀၀ |
| | | (၂) သထုံခရိုင်အတွင်း ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများတွင် ချို့ယွင်းနေသော နေရာများအတွက် ၁၁ကေဗွီ DOF များ ဝယ်ယူရန်၊ ဓာတ်အားလိုင်းထိန်း/ပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်သုံးစွဲရန် အတွက်လိုအပ်သော Earthing Device များ ဝယ်ယူဆောင်ရွက်ရန် | ၁၁.၈၅၀ |
| | | (၃) သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် သစ်သား/ သံလမ်းတိုင်များ နေရာတွင် အစားထိုး လဲလှယ်ရန် အတွက် ကွန်ကရစ်တိုင်များ ဝယ်ယူ ရန်နှင့် သက်တမ်းကြာမြင့်သည့် ထရန်စဖော်မာများအား လဲလှယ်ရန် အတွက် ထရန်စဖော်မာအသစ်များဝယ်ယူရန် | ၃၃၂.၅၀၀ |
| | | (၄) သုဝဏ္ဏဝတီမြို့တွင် (၂၀၀)ကေဗွီအေထရန်စဖော်မာများ ဝယ်ယူရန်နှင့် (၁၁)ကေဗွီ ဓာတ်အားလိုင်းအား တိုးချဲ့တည်ဆောက်ရန် | ၂၂.၂၀၀ |

## လျှပ်စစ်မီးရရှိရေး
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှတ်ကောက်နှုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|---|
| | | (၅) | သထုံမြို့တွင်းရှိ ဆွေးမြေ့နေသော သစ်သားတိုင်၊ သံတိုင်နှင့် သတ္တုကြိုးများနေရာတွင် စံချိန်စံညွှန်းမီသော ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ရန်နှင့်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း များဆောင်ရွက်ရန် | ၁၂.၂၀၀ |
| | | (၆) | သုဝဏ္ဏဝတီမြို့ဓာတ်အားခွဲရုံအား Disconnecting Switch တပ်ဆင်ရန်နှင့် စံချိန်စံညွှန်းမမီသော Disc Insulator များ ပြုပြင်တည်ဆောက်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၀.၀၀၀ |
| ၃ | မုဒုံ | | မုဒုံမြို့ရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ဝယ်ယူရန်နှင့် ၁၀၀ ကေဗွီအေခွဲရုံတွင် ၄၀၀ ဗို့အားလိုင်းအတွက် Distribution Panel တပ်ဆင်ရန်နှင့် စံချိန်စံညွှန်းမမီသော ကေဘယ်ကြိုးများအား အစားထိုးလဲလှယ်ဆောင်ရွက်ရန် | ၂၇.၆၂၀ |
| ၄ | ကျိုက်ထို | (၁) | ကျိုက်ထိုမြို့တွင် (၁၆၀) ကေဗွီအေ ထရန်စဖော်မာများ ဝယ်ယူရန်နှင့် ဓာတ်အားလိုင်းများတွင် FPI များတပ်ဆင်ရန် | ၅၆၄.၈၀၀ |
| | | (၂) | ကျိုက်ထိုမြို့တွင် ဆွေးမြေ့သစ်သားတိုင်များအား စံချိန်မီကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၁.၄၃၆ |
| ၅ | သံဖြူဇရပ် | (၁) | သံဖြူဇရပ်မြို့နယ်တွင် ၉ မီတာရှိသော ကွန်ကရစ်တိုင် ၄ တိုင်စီဖြင့် ၉၆၀ ပေ တိုးချဲ့တည်ဆောက်ရန် | ၂၀.၇၃၃ |
| | | (၂) | သံဖြူဇရပ်မြို့တွင် ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်စံညွှန်းမီ ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ထရန်စဖော်မာများတွင် ဆက်စပ်ပစ္စည်းများ ထပ်မံတပ်ဆင်ရန်နှင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် | ၉၂.၀၁၅ |
| ၆ | ကျိုက်မရော | | ကျိုက်မရောမြို့တွင် ၄၀၀ ဗို့လိုင်း ၁၂၀၀ ပေ၊ ၁၀၀၀ ပေ၊ ၅၀၀ ပေ တို့အား Insulated Cable ဖြင့် တိုးချဲ့ရန်နှင့် HDBC No (6,8) ကြိုးများအား Insulated Cable ဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် | ၄၇.၅၀၀ |
| ၇ | ချောင်းဆုံ | (၁) | ချောင်းဆုံမြို့နယ်တွင် (၁၀၀)ကေဗွီအေခွဲရုံအတွက် ၄၀၀ ဗို့လိုင်း Panel Cable များတပ်ဆင်ရန်၊ လမ်းဧရိယာနှင့်မလွတ်ကင်းသော တိုင်များအား ပြောင်းရွှေ့တည်ဆောက်ရန် | ၅၁.၉၀၀ |

**လျှပ်စစ်မီးရရှိရေး**
**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်**
**လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှကောက်နုတ်ချက်**

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| | | (၂) ချောင်းဆုံမြို့တွင် ဆွေးမြေ့သစ်သားတိုင်များအား စံချိန်မီ ကွန်ကရစ်တိုင် သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် | ၉.၁၉၈ |
| ၈ | ပေါင် | (၁) ပေါင်မြို့နယ်တွင် (၅၀)ကေဗွီအေ၊ (၁၀၀)ကေဗွီအေ၊ (၁၆၀)ကေဗွီအေ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာများ ဝယ်ယူရန် | ၃၆.၉၀၀ |
| | | (၂) ပေါင်မြို့နယ်၊ မဲဘောင်ကျေးရွာတွင် ၁၁ ကေဗွီလိုင်း ၃၀၀၀ ပေ နှင့် ၁၁-၀.၄ ကေဗွီ ၁၆၀ ကေဗွီအေ ခွဲရုံ (၁)ရုံ တည်ဆောက်ရန် | ၃၈.၀၉၂ |
| | | (၃) ပေါင်မြို့နယ်တွင် ဆွေးမြေ့သစ်သားတိုင်၊ စံချိန်စံညွှန်းမမီသောကွန်ကရစ်တိုင်တို့အား သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ရန်၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့်ဓာတ်အားလိုင်းပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် Distribution Panel များ ဖြည့်စွက်တည်ဆောက်ရန် | ၆၉.၁၄၂ |
| ၉ | ဘီးလင်း | (၁) ဘီးလင်းမြို့နယ်ရှိ ဓာတ်အားလိုင်းများတွင် FPI များ တပ်ဆင်ရန် | ၈.၀၀၀ |
| | | (၂) ဘီးလင်းမြို့တွင်းရှိ ထရန်စဖော်မာများတွင် ဆက်စပ်ပစ္စည်းများထပ်မံ တပ်ဆင်ရန်၊ ယိုင်နေသော လေးတိုင်စင်များအား အသစ်ပြန်လည် ပြုပြင်ရန်၊ မလွတ်ကင်းသော တိုင်များအား ပြောင်းရွှေ့ရန်နှင့် ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၂၁.၁၉၆ |
| | | (၃) ဘီးလင်းမြို့နယ်တွင် 33KV လိုင်းနှင့်11 KV မြို့တွင်းလိုင်း ၂ ထပ် လိုင်း(၁၃)နေရာ(ဘီးလင်းမြို့ဝင်နှင့်ကျောက်ရေတွင်းကြား) ၁၀ မီတာ ကွန်ကရစ်တိုင်ကြား တိုင်စိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် | ၅.၃၉၄ |
| | | (၄) တောင်စွန်းမြို့တွင်းရှိ ဆွေးမြေ့သစ်သားတိုင်များအား စံချိန်မီ ကွန်ကရစ် တိုင်များဖြင့် ပြုပြင်တည်ဆောက်ရန်နှင့် ပြင်ဆင်ထိန်းသိမ်း ရေး လုပ်ငန်းများဆောင်ရွက်ရန် | ၂၅.၁၁၂ |
| | | **စုစုပေါင်း** | **၁၉၀၇.၉၆၆** |

## မြို့ပြဖွံ့ဖြိုးတိုးတက်ရေး
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## စည်ပင်သာယာရေးအဖွဲ့မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | (၁) မြို့တွင်း ပလက်ဖောင်း၊ အုတ်ရေမြောင်းပြုလုပ်ရန် နှင့် ရေဆိုးထုတ်မြောင်းများတူးဖော်ရန် | ၄၅၁.၄၉၀ |
| | | (၂) သံလွင်ဥယျာဉ်အဆင့်မြှင့်တင်ရန်နှင့် ဟသ်ာအဝိုင်း ရေပန်းတပ်ဆင်ရန် | ၁၇၀.၀၀၀ |
| | | (၃) LED မီးလုံးများ၊ Street Light Lamp မီးအိမ်များ တပ်ဆင်ရန်၊ မီးပွိုင့်များပြုပြင်ရန်နှင့် မျဉ်းဖြူ၊ မျဉ်းဝါအမှတ်အသား ရေးဆွဲရန် | ၂၂၈.၃၀၀ |
| | | (၄) သံလွင်ဥယျာဉ်နှင့် မောရဝတီပန်းခြံတို့တွင် လျှပ်စစ်မီတာများ တပ်ဆင်ရန်နှင့် တောင်ရိုးတန်းလမ်းတွင် လမ်းမီးများ လဲလှယ်ရန် | ၁၁.၀၀၀ |
| | | (၅) High Mart Poleများတပ်ဆင်ရန် | ၃၄.၀၀၀ |
| ၂ | သထုံ | ချောင်းများ Back Hole ဖြင့် တူးဖော်ရန်နှင့် ရေစီးရေလာ ကောင်းမွန်ရန်အတွက် ရေမြောင်းများပြုလုပ်ရန်နှင့် ခန်းမလျှပ်စစ်မီးလိုင်းတပ်ဆင်ရန် | ၂၀၅.၇၃၀ |
| ၃ | မုဒုံ | မြို့တွင်းဆိုင်းဘုတ်များ မီးလိုင်းသွယ်တန်းရန်နှင့် ခြံစည်းရိုးကာရံရန်၊ ရေမြောင်းများ၊ အမှိုက်ကန်များတူးဖော်ရန်နှင့် ကွန်ကရစ်ရေမြောင်းများ ပြုလုပ်ရန် | ၁၈.၇၂၀ |
| ၄ | ကျိုက်ထို | မြို့တွင်း အုတ်ရေမြောင်းနှင့် ကွန်ကရစ်ရေမြောင်းများ ပြုလုပ်ရန် | ၁၀၅.၆၀၀ |
| ၅ | သံဖြူဇရပ် | (၁) အမှတ်(၁)ဈေး၊ (ဟ)ရုံ ဈေးရုံအသစ် (၂၁၂)ခန်း တည်ဆောက်ရန်<br>(၂) ကျိုက်ခမီမြို့မရပ်ကွက် သား/ငါးရုံ အသစ်တည်ဆောက်ရန် | ၃၃၀.၅၀၀<br>၁၇.၀၀၀ |
| ၆ | ချောင်းဆုံ | ချောင်းဆုံမြို့တွင်း မြေထိန်းကျောက်ရေမြောင်း ပြုလုပ်ရန် | ၇.၅၀၀ |
| ၇ | ပေါင် | ဈေးခေါင်းရုံး အသစ်တည်ဆောက်ရန် | ၈.၇၄၀ |
| ၈ | ဘီးလင်း | (၁)မြို့တွင်းရှိ ကွန်ကရစ် ရေမြောင်းဖုံးများ ပြုလုပ်ရန်၊ ရေမြောင်းများ တူးဖော်ရန်နှင့် မီးပွိုင့်များတပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်<br>(၂)မင်္ဂလာဈေးအတွင်း ပုံကျဈေးရုံ(၃)ရုံ တည်ဆောက်ရန် | ၁၀၈.၆၀၀<br>၅၆.၁၀၀ |
| | | **စုစုပေါင်း** | **၁၇၅၃.၂၈၀** |

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
# ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
# ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကောက်နုတ်ချက်

ကျေးလက်နှင့်မြို့ပြအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသများတွင် လိုအပ်သည့် လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျာထားသည့် **ငွေကျပ် ၃၂၈၂.၄၉၈ သန်း** ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအနက်မှ ကောက်နုတ်ချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | (၁)ကော့တွန်-ကော့ပေါက်ရွာချင်းဆက်လမ်းအားကွန်ကရစ်လမ်းခင်းရန် | ၂၉.၂၉၀ |
| | | (၂)မရမ်းကွင်း၊အကွက်အမှတ်(၈)၊အမက(မရမ်းကွင်း)ကွေ့မှအကွက်အမှတ်(၈)အဆုံးအထိ(ရွာတွင်းလမ်း)အားကွန်ကရစ်လမ်းခင်းရန် | ၂၇.၉၁၀ |
| | | (၃)ကော့ခမယ်ကျေးရွာအုပ်စု၊ရွာတွင်းလမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၈.၉၅၀ |
| ၂ | သထုံ | (၁)မင်းလွင်ရွာအဝင်လမ်း ကွန်ကရစ်ခင်းရန် | ၁၂၅.၀၀၀ |
| | | (၂)LED မီးလုံး(၅၀၀)ဖြင့် လမ်းမီးများတပ်ဆင်ရန် | ၅၀.၀၀၀ |
| | | (၃)ငါးပြေမအပေါ်ပိုင်းတွင် စက်ရေတွင်းတူးဖော်ရန် | ၅.၀၀၀ |
| ၃ | မုဒုံ | (၁)တံခွန်တိုင်၊ ရာဇဓိရာဇ်လမ်းတွင် ကွန်ကရစ်ခင်းရန် | ၃၀.၅၄၀ |
| | | (၂)ဘလောက်ညောင်ဝိုင်းရွာလမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၂၅.၃၈၀ |
| | | (၃)ကွေ့ဝမ်းဈေးတန်းလမ်းတွင် ကတ္တရာလမ်းသစ်ခင်းရန် | ၁၈.၂၃၀ |
| ၄ | ကျိုက်ထို | (၁)ဇီးပြောင်း(၅)တံတားနှင့် ဂဝံမြေသားလမ်းခင်းရန် | ၂၅.၀၀၀ |
| | | (၂)ဝင်းကံ ရွာတွင်းလမ်းတွင်ကွန်ကရစ်လမ်းခင်းရန် | ၂၃.၀၀၀ |
| | | (၃)ကွင်းကလေးရွာတွင် ဇီးကုန်း-ကြာဖက်အင်း၊ ဂင်းပြန်တွင် ဂဝံမြေသားလမ်းခင်းရန် | ၁၁.၄၀၀ |
| ၅ | သံဖြူဇရပ် | (၁)ရွာသာရွာ၊ ဝဲခမိကျေးရွာအုပ်စု၊ ရွာလယ်လမ်းတွင် ကွန်ကရစ်ခင်းရန် | ၂၁.၆၀၀ |
| | | (၂)ပဒဲင်ကြီးကျေးရွာ၊ ရွာအဝင်လမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၂၁.၀၀၀ |
| | | (၃)ရဲတံခွန်ကျေးရွာ၊ရွာအဝင်ဘုန်းကြီးကျောင်းတွင်ကွန်ကရစ်လမ်းခင်းရန် | ၁၉.၅၀၀ |
| ၆ | ရေး | (၁)လမိုင်း-သောင်ပြင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် | ၁၀၀.၀၀၀ |
| | | (၂)ချောင်းတောင်ကျေးရွာ၊ စာသင်ကျောင်းလမ်းတွင် ကတ္တရာလမ်းခင်းရန် | ၈၇.၀၀၀ |
| | | (၃)ချောင်းတောင်ကျေးရွာ ၊ ဝါရတ်ကျေးရွာတွင် လမ်းမြေဖို့ရန် | ၁၃.၀၀၀ |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး**
**၂၀၁၈ခုနှစ် ၊ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်**
**ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကောက်နုတ်ချက်**

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၇ | ကျိုက်မရော | (၁)အလုပ်ကုန်းနှင့်ကော့ဘီးကျေးရွာချင်းဆက်လမ်းတွင် ကျောက်ချောလမ်းခင်းရန် | ၅၁.၉၇၀ |
| | | (၂)စံပယ်ဂူမှကျိုးအုတ်ထိ ကွန်ကရစ်လမ်းခင်းရန် | ၃၃.၀၀၀ |
| | | (၃)ဘိန်းဖျော့ရွာမ၊ ကျေးရွာတွင်းလမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၁၆.၉၅၀ |
| ၈ | ချောင်းဆုံ | (၁)ဒေါင်းရပ်အရှေ့ကျေးရွာ အရှေ့ပိုင်းလမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၁၀.၀၀၀ |
| | | (၂)မုဒွန်းကျေးရွာ၊ရပ်ကွက်(၁၀)(၈)တို့တွင် ကွန်ကရစ်လမ်းခင်းရန် | ၉.၀၀၀ |
| | | (၃)ကွမ်းသဲကျေးရွာ၊ ရပ်ကွက်(၂)နှင့်(၁၂)တွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၉.၅၀၀ |
| ၉ | ပေါင် | (၁)ကျေးရွာ( ၂၇ )ရွာတွင် လမ်းမီးများတပ်ဆင်ရန် | ၁၀၀.၀၀၀ |
| | | (၂)မဲဆောင်-သစ်ခေါင်တွင် တံတားတည်ဆောက်ရန် | ၈.၅၀၀ |
| | | (၃)ပေါင်ရပ်ကွက်တွင် ရေတွင်း၊ ရေစင်၊ ရေပိုက်သွယ်တန်းရန် | ၈.၀၀၀ |
| ၁၀ | ဘီးလင်း | (၁)ယွန်းဒလင်းကုန်းကျေးရွာအုပ်စု၊ ကော့ခမယ်ရွာလယ်လမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၂၀.၀၀၀ |
| | | (၂)ယွန်းဒလင်းကုန်းကျေးရွာအုပ်စု၊ နတ်စင်လမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၂၀.၀၀၀ |
| | | (၃)တောင်စွန်းကျေးရွာ၊ ငှက်ကလေးလမ်းတွင် ကွန်ကရစ်လမ်းခင်းရန် | ၁၀.၀၀၀ |
| | | **စုစုပေါင်း** | **၉၃၈.၇၂၀** |

# စိုက်ပျိုးရေရရှိရေးနှင့်ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေး ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | ချောင်း (၄) ချောင်းတူးဖော်ရန်၊ ရေထိန်းတံခါးတွင် ကျောက်ကြီးစီရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၉၂.၉၉၂ |
| ၂ | သထုံ | ချောင်း(၃)ချောင်း ပြန်လည်တူးဖော်ရန်၊ ရေထိန်းတံခါးရွက်များ လဲလှယ်တပ်ဆင်ရန်၊ ရေထိန်းတံခါးအဝင်အထွက် မြောင်းများ နုန်းတူးဖော်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၅၈၁.၁၃၃ |
| ၃ | မုဒုံ | ချောင်း(၆)ချောင်း တူးဖော်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၅၆.၁၇၆ |
| ၄ | ကျိုက်ထို | ရေနုတ်မြောင်း (၅)ခုတူးဖော်ရန်၊ ရေတံခါး မြေထိန်းကဒစ်တန်းရိုက်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၅၇.၇၀၀ |
| ၅ | သံဖြူဇရပ် | ချောင်း(၁)ချောင်းတူးဖော်ရန်၊တာ(၃)တာပြင်ဆင်ရန်၊ ကျောက်စီနံရံရှေ့တွင် Spurရိုက် ကျောက်ဖြည့်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၉၂.၂၂၃ |
| ၆ | ရေး | ချောင်း(၁)ချောင်း တူးဖော်ရန်၊ ရေငန်တားတမံ တည်ဆောက်ရန်နှင့် ရေထုတ်ပေါက်(၁)လုံး တည်ဆောက်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၅၁.၆၅၇ |
| ၇ | ကျိုက်မရော | ချောင်း(၄)ချောင်း တူးဖော်ရန်၊ ရေနုတ်မြောင်း (၂)ခု တူးဖော်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၉၉.၆၀၀ |
| ၈ | ချောင်းဆုံ | ချောင်း(၆)ချောင်း တူးဖော်ရန်နှင့် ဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၃၈.၀၆၃ |
| ၉ | ပေါင် | ချောင်း(၁)ချောင်း တူးဖော်ရန်၊ ရေနုတ်မြောင်း(၂)မြောင်း တူးဖော်ရန်၊ ကျောက်ကြီးစီရန်နှင့် အခြားဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၂၀၁.၇၀၀ |
| ၁၀ | ဘီးလင်း | ရေနုတ်မြောင်းကော(၁)ခု တူးဖော်ရန်၊ ရိုး(၂)ရိုးတူးဖော်ရန်နှင့် အခြားဆည်မြောင်းများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁၄၅.၀၀၀ |
| | | **စုစုပေါင်း** | **၁၉၁၆.၂၉၄** |

## အားကစားဖွံ့ဖြိုးတိုးတက်ရေး
## ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## အားစားနှင့်ကာယပညာဦးစီးဌာနမှကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | အားကစားရုံအတွက် လိုအပ်သော အားကစားပစ္စည်းများ ဝယ်ယူရန် | ၁၂.၈၆၀ |
| ၂ | ဘီးလင်း | ဘီးလင်းမြို့နယ် ပွဲကြည့်စင်အား အဆင့်မြှင့်တင်ရန် | ၄၅.၀၀၀ |
| | | **စုစုပေါင်း** | **၅၇.၈၆၀** |

## အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေး
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## ပြည်နယ်အစိုးရအဖွဲ့ ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | ကျိုက်ထို | (၁)ဆံတော်ရှင်ကျိုက်ထီးရိုး တောင်ပေါ်၌ အမှိုက်ဖျက်ဆီးမည့် စက် (၁)လုံး နှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန် | ၄၀၀.၀၀၀ |
| | | (၂) ကျိုက်ထိုမြို့တွင် အမှိုက်ကန်(၂)ကန် အသစ်တူးဖော်ရန် | ၆.၀၀၀ |
| ၂ | ဘီးလင်း | ဘီးလင်းမြို့တွင် (၁.၆)ဧကရှိ အမှိုက်ကန် မြေနေရာဝယ်ယူရန်နှင့် အမှိုက်ကန်များတူးဖော်ရန် | ၃၅.၀၀၀ |
| ၃ | မုဒုံ | မုဒုံမြို့တွင် အမှိုက်စွန့်ပစ် မြေနေရာဝယ်ယူရန် | ၁၀.၀၀၀ |
| | | **စုစုပေါင်း** | **၄၅၁.၀၀၀** |

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး
# ၂၀၁၈ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
# မီးသတ်ဦးစီးဌာနမှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | မြို့နယ်များအတွက်မီးဘေးအန္တရာယ်ဖြစ်ပွားမှုမှကာကွယ်နိုင်ရန်အတွက် အမြှုပ်မီးသတ်ယာဉ် (၁)စီး၊ ရေသယ်ယာဉ်(၅)စီး၊ မီးငြိမ်းသတ်ယာဉ် (၅) စီးနှင့် မီးငြိမ်းသတ်ရန်အတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူရန် | ၄၅၇.၈၀၀ |
| | | **စုစုပေါင်း** | **၄၅၇.၈၀၀** |







## သောက်သုံးရေဖူလုံစွာရရှိရေး
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## စည်ပင်သာယာရေးအဖွဲ့မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | ရေမီတာများတပ်ဆင်ရန်၊ ရေတွန်းပန့်များ လဲလှယ်ရန်၊ ခြိမြက်များ ရှင်းလင်းရန်၊ ဆေးသုတ်ရန်၊ ခြံစည်းရိုးကာရံရန်၊ ရေစက်များ ပြုပြင်ရန်၊ ရေလှောင်ကန်များ ဆေးကြောရန်နှင့် သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူ ဆောင်ရွက်ရန် | ၃၅၇.၂၅၀ |
| ၂ | သထုံ | ရေပိုက်လိုင်းသစ်များ သွယ်တန်းရန်၊ ရေပေးရေးစက်ရုံ ကာရံရန်နှင့် Float ပြုပြင်ရန် | ၃၂.၅၀၀ |
| ၃ | ရေး | ဂါလန်(၅၀၀၀၀)ဆံ့ ရေဖြန့်ဝေကန် တည်ဆောက်ရန် | ၁၀.၀၀၀ |
| ၄ | ပေါင် | ကဒါမြို့သစ် အများသုံး မိုးရေလှောင်ကန် ပြုပြင်ရန် | ၄.၀၀၀ |
| | | **စုစုပေါင်း** | **၄၀၃.၇၅၀** |

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## သစ်တောဦးစီးဌာနမှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မော်လမြိုင် | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဂယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၇.၆၁၀ |
| ၂ | သထုံ | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၂.၄၄၂ |
| ၃ | မုဒုံ | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၅၅၇ |
| ၄ | ကျိုက်ထို | ကျိုက်ထီးရိုးဒေသ စိမ်းလန်းစိုပြေရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၆၄၇ |
| ၅ | သံဖြူဇရပ် | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၄၀၃ |
| ၆ | ရေး | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၇၁၇ |
| ၇ | ကျိုက်မရော | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၅၆၈ |
| ၈ | ဘီးလင်း | သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လှူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များ ဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၀.၆၇၅ |
| | | **စုစုပေါင်း** | **၁၃.၆၁၉** |

## တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့်စာပေဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းရင်းသား | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | မွန် | မွန်စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့် မွန်အမျိုးသားနေ့ အထိမ်းအမှတ်ပွဲများကျင်းပရန် | ၁၀၀.၀၀၀ |
| ၂ | ကရင် | ကရင်ဘာသာစာပေများပုံနှိပ်ရန်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့်ကရင်ရိုးရာအထိမ်းအမှတ်ပွဲများ ကျင်းပရန် | ၁၀၀.၀၀၀ |
| ၃ | ဗမာ | မြန်မာ့ရိုးရာနေ့ကြီးရက်ကြီးများနေ့တွင် အထိမ်းအမှတ်ပွဲများ ကျင်းပရန် | ၇၅.၀၀၀ |
| ၄ | ပအိုဝ့် | ပအိုဝ့်ဘာသာစာပေများပုံနှိပ်ရန်နှင့်၊ ပအိုဝ့်စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးရန်နှင့် ပအိုဝ့်အမျိုးသားနေ့အထိမ်းအမှတ်ပွဲများ ကျင်းပရန် | ၇၅.၀၀၀ |
| | | **စုစုပေါင်း** | **၃၅၀.၀၀၀** |

## လုပ်ငန်းသုံးပစ္စည်းများဖြည့်ဆည်းပေးရေး ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန၊အဖွဲ့အစည်း | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | Vaccum Sealer(၁)လုံး၊ ပြောင်းဖူးဖောက်စက်(၁)လုံး၊ အာလူးလှီးစက်(၁)လုံး၊ Ovan(၂)လုံး၊ Distillation set (၂)လုံး၊ Soxhlect (၂)လုံး၊ ကုံးလုံးချည်ချစက် (၄)လုံးတို့ ဝယ်ယူရန် | ၂.၀၄၄ |
| ၂ | သစ်တောဦးစီးဌာန | Drone (၁)စီး | ၂.၅၀၀ |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ပြဒါးတိုင်းကိရိယာ (၁)ခု၊ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတိုင်းကိရိယာ (၁)စုံ၊ ဒြပ်စင်များ တိုင်းတာသည့် ကိရိယာ (၁)ခု စသည်တို့ ဝယ်ယူရန် | ၁၁၂.၀၀၀ |
| ၄ | စည်ပင်သာယာရေးအဖွဲ့ | သုံးဘီးလမ်းကြိတ်စက်၊ ပြောင်ချောလမ်းကြိတ်စက် ၊ ကတ္တရာဖြန်းစက် ၊ ကျောက်ဖြန်းစက် ၊ Tyre Roller (16) Ton ၊ A.C Paver ၊ ကတ္တရာကြိုစက် ၊ မြေတူးစက် ၊ မိလ္လာစုပ်ယာဉ် ၊ Transporter (၁၂ဘီး)ကားနှင့် ရေကား စသည်တို့ဝယ်ယူရန် | ၁၆၂၁.၀၀၀ |
| | | **စုစုပေါင်း** | **၁၇၃၇.၅၄၄** |

## ဝန်ထမ်းအိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ
## ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက်
## စည်ပင်သာယာရေးအဖွဲ့မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် |
|---|---|---|---|
| ၁ | သထုံ | သန့်ရှင်းရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ (၂)လုံး တည်ဆောက်ရန် | ၁၆၆.၄၀၀ |
| | | **စုစုပေါင်း** | **၁၆၆.၄၀၀** |

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| ဝန်ကြီး | စီမံကိန်း၊ဘဏ္ဍာရေး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | ၀၅၇-၂၀၂၅၉၁၆<br>၀၉၄၅၉၀၀၅၀၁၀ |
| ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မွန်ပြည်နယ် | ၀၅၇-၂၀၂၅၈၇၆<br>၀၉၇၇၇၈၈၈၀၂၄ |

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ e-mail လိပ်စာသို့ပေးပို့နိုင်ပါသည်-

email: monbudget2013@gmail.com